# မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား

# သတင်းလွှာ

**အတွဲ ၄၊ ဇူလိုင် ၂၀၂၁**

**ဤစာစောင်အတွင်း**


**ယန္တရား အကြီးအကဲထံမှ အမှာစာ**

**အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးသတင်း**

**ကမ်းလှမ်းဆက်သွယ်ခြင်း**

**ယန္တရားသို့ သတင်းအချက်အလက် များ ပေးပို့ခြင်း**

**မကြာခဏ မေးလေ့ရှိသော မေးခွန်းများ**


## ယန္တရား အကြီးအကဲထံမှ အမှာစာ

၂၀၂၁ ခုနှစ် မတ်လ သတင်းစာစောင်ကို ထုတ်ပြန်ခဲ့ပြီးချိန်ကစပြီး ကျနုပ်တို့ ဆက်လက် ရရှိထားသည့် အချိန် အကန့်အသတ် မထားထားသည့် အခွင့်အာဏာသည် ပိုတောင်မှ အရေးပါလာခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်းမှာ မြင်တွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ထောက်ချင့်ပြီး မြန်မာနိုင်ငံတွင်းရှိ အခြေအနေကို ကျနုပ်တို့ အနီးကပ် လေ့လာစောင့်ကြည့်နေပြီး ၎င်းအဖြစ်အပျက်တွေမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေချိုးဖောက်မှုကြီးတွေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတွေ ကျူးလွန်တဲ့ လက္ခဏာတွေကို တွေ့ရှိပါက ကျူးလွန်ဖောက်ဖျက်သူများ ထိုက်သင့်သည့် ပြစ်ဒဏ်ကျခံစေဖို့ သက်သေအထောက်အထားတွေကို ပြုစုစုဆောင်းပြီး ရာဇဝတ်မှု အမှုတွဲများ တည်ဆောက်မည့် ကျွန်ုပ်တို့၏ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးသွားပါမည်ဟု ပြောခဲ့ပါသည်။

သို့သော်လည်း မတ်လ သတင်းစာစောင် ထုတ်ပြန်ပြီး နောက်ပိုင်းမှာပင် ကံဆိုးစွာဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပိုမိုကြမ်းတမ်းသော အကြမ်းဖက်မှုများ ဆက်လက် ဖြစ်ပွားခဲ့ပါသည်။ ယင်းအကြမ်းဖက်မှုများကြောင့် လူဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက ကျနုပ်တို့ ယန္တရားသို့ ဆက်သွယ်မှုပေါင်း နှစ်သိန်းတစ်သောင်း (၂၁၀ ၀၀၀) ကျော် ပြုလုပ်ခဲ့ပါသည်။ ကျနုပ်တို့အား ဆက်သွယ်လာသည့် ဆက်သွယ်မှု အများစုတွင် ဆန္ဒပြသူများအား အတင်းအကျပ် အင်အားသုံး ဖြိုခွင်းခြင်း သို့မဟုတ် မတရား ဖမ်းဆီးခြင်း တို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပါရှိပါသည်။ ယန္တရားသည် ဤသတင်းအချက်အလက်များကို စနစ်တကျ ပြုစုထိန်းသိမ်းခြင်း၊ သတင်းအစီရင်ခံချက်များကို လေ့လာစောင့်ကြည့်ခြင်း၊ လူပုဂ္ဂိုလ်များ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ စစ်အာဏာသိမ်းမှု နောက်ပိုင်းတွေ့ရသည့် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့ စုဆောင်းထားသည့် သတင်းအချက်အလက်များကို စီစစ်ရာ၌ အထောက်အကူပြုစေရန်အတွက် ကျွမ်းကျင်သူပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ခြင်းများ ပြုလုပ်လျက် ရှိပါသည်။ ယနေ့ထိ လက်ခံရရှိထားသည့် ကနဦး သတင်းအချက်အလက်များကို ထပ်မံအတည်ပြု ဆန်းစစ်ပိုင်းခြား စိတ်ဖြာရန် လိုအပ်နေသေးသော်လည်း ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဖြစ်ပျက်ခဲ့သည့် အခင်းဖြစ်ရပ်များသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများအတွက် သက်သေအထောက်အထား ပြုစု စုဆောင်းသည့် ယန္တရား၏ လုပ်ပိုင်ခွင့် အာဏာအတွင်း ကျရောက်သည်ဟု ကျွန်ုပ်တို့အနေဖြင့် ပဏာမ ရှုမြင်ပါသည်။

မြန်မာလုံခြုံရေး တပ်ဖွဲ့များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးချိန်မှစ၍ အရပ်သားများကို နေရာအနှံ့ အစီအစဉ်ချပြီး တိုက်ခိုက်ခဲ့သည်ကို ကနဦး သတင်းအချက်အလက်များက ပြသနေပါသည်။ ကျွန်ုပ်တို့ ယန္တရားသည် ကနေ့ထိ လက်ခံရရှိထားသည့် အချက်အလက်များကို မှန်ကန်ကြောင်း အတည်ပြုနိုင်ရန် အားကြိုးမာန်တက် စစ်ဆေးလုပ်ကိုင်လျက်ရှိပါသည်။ ယင်းအချက်အလက်များကို စိစစ်အတည်ပြုပြီး အပြစ်ကျူးလွန်သည့် လူဂိုလ်များ၏ လုပ်ရပ်နှင့် ရည်ရွယ်ချက်ကို ထပ်မံရရှိသည့် သက်သေအထောက်အထားများဖြင့် တိုက်ကြည့်စစ်ဆေးပြီးပါက သက်ဆိုင်ရာ တာဝန်ရှိသူများကို လူသားမျိုးနွယ်ပေါ် ကျူးလွန်သည့် ရာဇဝတ်မှုကြီးများဖြင့် တရားစွဲဆိုရန်အတွက် အမှုတွဲများ တည်ဆောက်သည့်အခါ ယင်းအချက်အလက်များကို သက်သေအထောက်အထားအဖြစ် အသုံးပြုနိုင်ပါသည်။ ရာဇဝတ်မှုများအတွက် ပြစ်ဒဏ်ချမှတ်နိုင်ရန် လိုအပ်သည့် စံနှုန်းမြင့်မားသော လုပ်ထုံးလုပ်နည်းစံများနှင့်အညီ ကျူးလွန်သူများ၏ တာဝန်ရှိမှုကို ပြသရန် တရားရုံးများ သို့မဟုတ် ခုံရုံးများတွင် အသုံးပြုနိုင်မည့် သက်သေ အထောက်အထားများကို ကျွန်ုပ်တို့ ရရှိထားသည့် လုပ်ပိုင်ခွင့်အာဏာနှင့်အညီ ဆက်လက်၍ ပြုစု စုဆောင်းသွားပါမည်။

လွန်ခဲ့သည့် လများအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များက မြန်မာနိုင်ငံတွင် အပြစ်ရှိသူများကို အပြစ်မပေးနိုင်သည့်သံသရာလည်နေမည့် အန္တရာယ်ကို ကျွန်ုပ်တို့ သတိပြုမိသည်။ မြန်မာဖြစ်စေ၊ ရိုဟင်ဂျာဖြစ်စေ သို့မဟုတ် အခြား လူမျိုးစုဖြစ်စေ မြန်မာနိုင်ငံတွင်းရှိ ရာဇဝတ်မှုကျူးလွန်သူ မည်သူမဆို ၎င်းတို့၏ လုပ်ရပ်အတွက် ထိုက်သင့်သည့် ပြစ်ဒဏ်ကျခံမှု ရှိစေရမည်။ ကျွန်ုပ်တို့ ယန္တရားသည် ဤရာဇဝတ်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုကို ဆောင်ကြဉ်းပေးစေရန် ကျွန်ုပ်တို့ကျရာ အခန်းကဏ္ဍနှင့်အညီ ဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်ထားပြီး ကျွန်ုပ်တို့၏ ကြိုးပမ်းလုပ်ဆောင်မှုက ရက်စက်ယုတ်မာမှုများ ထပ်မဖြစ်အောင် ဟန့်တားပေးနိုင်မည်ဟု မျှော်လင့်ပါသည်။ မျက်မြင်သက်သေများ၊ နစ်နာသူများ ခြိမ်းခြောက်ခံရ သို့မဟုတ် လက်စားချေခံရနိုင်မည့် အန္တရာယ်ကို မစိုးရိမ်ရပဲ ကျွန်ုပ်တို့နှင့် တွေ့ဆုံနိုင်ရန် နောက်ပြီး တခြား သတင်းအချက်အလက်များကို ရယူနိုင်ရန် မြန်မာနှင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် အဖွဲ့ဝင်နိုင်ငံများအား ကျွန်ုပ်တို့နှင့် ပူးပေါင်းလုပ်ဆောင်ပေးရန်အတွက် ဆက်လက် ကြိုးပမ်းသွားမည်။


မြန်မာနိုင်ငံဆိုင်ရာ

လွတ်လပ်သော

စုံစမ်းစစ်ဆေးမှုယန္တရား

အီးမေး။ ॥ iimm@un.org

Signal။ ॥ +၄၁ ၇၆ ၆၉၁ ၁၂၀၈


## အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးသတင်း

မြန်မာနိုင်ငံ၌ စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ကျွန်ုပ်တို့၏ လုပ်ငန်းအပေါ် သိသိသာသာ သက်ရောက်မှု ရှိခဲ့ပြီး ဘယ်တုန်းကနှင့်မှ မတူအောင် များပြားလှသည့် သတင်းအချက်အလက်များကို လက်ခံရရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဗီဒီယိုများ၊ ဓါတ်ပုံများနှင့် စာရွက်စာတမ်းများအပါအဝင် သတင်းအချက်အလက်အမျိုးမျိုး နှစ်သိန်းတစ်သောင်း (၂၁၀ ၀၀၀) ကျော် လက်ခံရရှိခဲ့ပါသည်။ ယခုအခါ သတင်းအချက်အလက် အမျိုးမျိုး စုစုပေါင်း တစ်ဒသမ သုံးသန်း (၁.၃ သန်း) ကျော်ကို ကျွန်ုပ်တို့၏ အီလက်ထရောနစ်စနစ်အရ သိုလှောင်ထားသည့် သတင်းအချက်အလက် စီမံခန့်ခွဲရေး စနစ်တွင် စုဆောင်းထားပြီး ဖြစ်ပါသည်။ ဤသတင်းအချက်အလက် အမျိုးမျိုးမှာ ရိုဟင်ဂျာလူမျိုးများအပေါ် ကျူးလွန်သည့် လုပ်ရပ်များသာမက စစ်အာဏာသိမ်းမှု မတိုင်မီနှင့် သိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် အခြား လုပ်ရပ်များနှင့်လည်း ဆက်စပ်နေပါသည်။

ကျွန်ုပ်တို့အား ပေးပို့လာသည့် သတင်းအချက်အလက်များကို လက်ခံရှိကြောင်း အသိပေးလိုပါသည်။ ထို့အပြင် ဤမျှ များပြားသည့် သတင်းအချက်အလက်များကို ပေးပို့လာသည့် မြန်မာလူထု၏ စွမ်းရည်သတ္တိကိုလည်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ဤအချက်နှင့်စပ်လျဉ်း၍ ယန္တရားသည် သတင်းအချက်အလက် ပေးပို့လိုသူများအား ဆက်လက်၍ အသိပေးလိုသည်မှာ သတင်းအချက်အလက် ပေးပို့သူတို့၏ ဘေးအန္တရယ် ကင်းရှင်းရေးနှင့် လုံခြုံရေးသည် အဆုံးစွန်ဆုံး အရေးကြီးဆုံးဖြစ်ပြီး၊ ၎င်းတို့အနေဖြင့် အချက်အလက် ပေးပို့ရန်အတွက် လုံခြုံရေး စိတ်ချရသည့် အခါနှင့် ဘေးအန္တရယ် ကင်းမှသာ ယန္တရားသို့ ပေးပို့သင့်ပါသည်။



*မကြာသေးခင်က တွေ့ရသည့်ဆန္ဒပြမှု မြင်ကွင်း (ပုံကို ချင်းလေး ရေးဆွဲ)*

ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးများအား ပစ်မှတ်ထားသော ရှင်းလင်းစစ်ဆင်ရေးများ၊ တခြား တိုင်းရင်းလူမျိုး ပဋိပက္ခများ စသည်တို့တွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုကြီးများ ကျူးလွန်နေသည်ဆိုသည့် စွပ်စွဲချက်များနှင့်ဆိုင်သည့် သက်သေအထောက်အထားများကို ပြုစုဆောင်းခြင်း၊ သိမ်းဆည်းခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း စသည့် လက်ရှိလုပ်ကိုင်နေသော ဆောင်ရွက်မှုများကို မနှောင့်နှေးစေဘဲ မြန်မာနိုင်ငံတွင်းက လတ်တလော ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးနိုင်စွမ်းရှိအောင် မိမိ၏ လုပ်ကိုင်မှုများကို လက်ရှိဖြစ်ပေါ် တိုးတက်မှုများနှင့်အညီ ပြုပြင်ကျင့်သုံးခဲ့ပါသည်၊

လုပ်ငန်းစတင်သည့် နှစ်နှစ်နီးပါ ကာလအတွင်းတွင် ကျွန်ုပ်တို့သည် အထောက်အထားများ ပြုစုဆောင်းခြင်း၊ မှန်ကန်ကြောင်း အတည်ပြုခြင်းများကို ရေရှည် လုပ်ဆောင်နိုင်ရန် အခြေခံကောင်းများကို ဆက်လက် တည်ဆောက်လျက်ရှိပါသည်။ လူမှုကွန်ရက်များမှ ရရှိသော သတင်းအချက်အလက်များကို အခြေပြုသည့် စုံစမ်းစစ်ဆေးမှုများ၊ ငွေကြေး အရှုပ်အရှင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ၊ လိင်အကြမ်းဖက်ခြင်း လိင်အခြေခံသည့် ရာဇဝတ်မှုများနှင့် ကလေးသူငယ်များအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးမှုများကို နောက်ပိုင်း ထပ်မံရရှိမည့် ငွေကြေးရန်ပုံငွေများဖြင့် ဆက်လက် တိုးချဲ့ လုပ်ဆောင်သွားနိုင်ရန် ကျွန်ုပ်တို့ ကြိုးပမ်းလျက်ရှိပါသည်။ ဤအချက်နှင့်ပတ်သက်၍ လူမှုကွန်ရက်များမှ ရရှိသော သတင်းအချက်အလက်များကို အခြေပြုသည့် စုံစမ်းမှုများကို လုပ်ဆောင်ရန် ယူနိုက်တစ်ကင်းဒမ်အစိုးရက ငွေကြေးထောက်ပံ့ထည့်ဝင်ပေးမည်ဆိုပြီး ၂၀၂၁ ခုနှစ် ဧပြီလက ကြေငြာခဲ့သည်ကို ဝမ်းမြောက်ဝမ်းသာ သတင်းထုတ်ပြန်လိုက်သလို ယူနိုက်တစ်ကင်ဒမ် အစိုးရအားလည်း အလွန်တရာ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

ကိုဗစ်-၁၉ ကမ္ဘာ့ရောဂါကပ်ဘေးကြီး ဆက်လက် တည်ရှိနေသော်လည်း ယန္တရားသည် မိမိ၏ စုံစမ်းစစ်ဆေးရေး လှုပ်ရှားဆောင်ရွက်မှုများကို အဝေးမှ လုပ်ကိုင်သည့်နည်းလမ်းများနှင့် အခြား နည်းလမ်းများမှတစ်ဆင့် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းနည်းလမ်းများတွင် သတင်းအချက်အလက် ရရှိရာ အရင်းအမြစ်များကို လုံခြုံသည့် အီလက်ထရောနစ် လမ်းကြောင်းများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ လူမှုကွန်ရက်များမှ သတင်းအချက်အလက် စုံစမ်းမှုများကို ဆောင်ရွက်ခြင်း နှင့် သတင်း အချက်အလက်များအတွက် စာဖြင့်ရေးသားထားသည့် တောင်းဆိုမှုများကို ပေးပို့ခြင်းတို့ ပါဝင်သည်။ သို့သော်လည်း စကားပြောဆိုပေးကြသူများနှင့် ဆက်သွယ်ပြောဆိုရန် အခြေအနေပေးသည့်အခါ ယန္တရားဝန်ထမ်းများအနေဖြင့် ခရီးထွက်ပြီး သက်သေများနှင့် လူတွေ့မေးမြန်းခြင်းများ မလုပ်မဖြစ် လုပ်ရန် လိုအပ်ပါလိမ့်မည်။ ဤနည်းဖြင့် လုပ်ငန်းစဉ်၏ လျှို့ဝှက်မှု ရှိစေမည် ဖြစ်သလို သက်သေများ၏ ဘေးကင်းရေးနှင့် လုံခြုံရေးနှင့်ပတ်သက်ပြီး ၎င်းတို့တွင် ရှိကောင်း ရှိနိုင်သည့် စိုးရိမ်မှုများအတွက်လည်း တစ်စုံတစ်ရာ ဆောင်ရွက်ပေးရန် အခွင့်အလမ်း ရရှိမည့်အပြင် နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများတွင် သက်သေအထောက်အထားနှင့် မှတ်တမ်းမှတ်ရာတို့ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်မည့်၊ အကောင်းဆုံးတင်ပြနိုင်မည့် သက်သေများ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ထွက်ဆိုချက်များကိုလည်း ရရှိနိုင်မည် ဖြစ်ပါသည်။

# ကမ်းလှမ်းဆက်သွယ်ခြင်း

ကျနုပ်တို့ ယန္တရားသည် ကမ်းလှမ်းဆက်သွယ်ခြင်းကို မိမိလုပ်ငန်း၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆက်လက်၍ သဘောထားပါသည်။ ယန္တရား၏ ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်တို့မှတဆင့် သတင်းထုန်ပြန်ခြင်းသည် ယန္တရားအကြောင်း သတင်းအချက်အလက်များကို တိကျပြီး အချိန်နှင့်တစ်ပြေးညီ ဖြန့်ချိပေးရန်အတွက် အစွမ်းထက်သော နည်းလမ်းများ ဖြစ်လာခဲ့ပြီး ယင်းဝက်ဘဆိုက်နှင့် လူမှုကွန်ယက်တွင် မြန်မာနိုင်ငံနှင့် တခြားအရပ်များရှိ အဓိက ပါဝင်ပတ်သက်သူများ၏ ရေးသားချက်များမှတဆင့်လည်း သတင်းအချက်အလက်များ ထပ်မံရရှိခဲ့ပါသည်။

ကျနုပ်တို့ ယန္တရား၏ ကမ်းလှမ်းဆက်သွယ်ခြင်းဆိုင်ရာ လုပ်ငန်း၏ အရေးပါပုံကို လူ့အခွင့်အရေး ကောင်စီ၏ နောက်ဆုံးပေါ် ၂၀၂၁ ခုနှစ် မတ်လ အတည်ပြုလက်ခံခဲ့သော ဆုံးဖြတ်ချက်တွင် ထပ်မံ အသိအမှတ်ပြုခဲ့သည်၊ ထို့အပြင် နစ်နာသူများနှင့် အခြားပါဝင်ပတ်သက်သူများအား ကျနုပ်တို့၏ လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်း ဖြစ်စဉ်ကို ရှင်းပြရန် ကျနုပ်တို့၏ အများပြည်သူ ကမ်းလှမ်းဆက်သွယ်ခြင်းကို ထပ်ဆင့်တိုးမြှင့် လုပ်ဆောင်ရန်လည်း လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက်တွင် ဆက်လက်တိုက်တွန်းထားသည်။ မြန်မာနိုင်ငံတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေး ကြီးကြီးမားမား ချိုးဖောက်မှုများအတွက် တာဝန်ရှိသူအားလုံးကို ယုံကြည်စိတ်ချရပြီး စီရင်ပိုင်ခွင့်ရှိကာ လွတ်လပ်သည့် နိုင်ငံတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဆိုင်ရာ တရားမျှတရေး ယန္တရားများမှတစ်ဆင့် ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရန် အရေးတကြီးလိုအပ်ကြောင်းလည်း အဆိုပါ ဆုံးဖြတ်ချက်တွင် ထပ်လောင်းတင်ပြခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်ကို အတည်ပြုလက်ခံပြီးနောက် ထုတ်ပြန်ခဲ့သည့် မီဒီယာ ထုတ်ပြန်ချက် တွင် ယန္တရား၏ အကြီးအကဲဖြစ်သူ Mr. Nicholas Koumjian က “ဒီရာဇဝတ်မှုကျူးလွန်သူတွေ ထိုက်သင့်တဲ့ ပြစ်ဒဏ်ကျခံရအောင် လုပ်ဆောင်နေတဲ့ ကျွန်တော်တို့ရဲ့ အခန်းကဏ္ဍကို ပီပီပြင်ပြင် လုပ်ဆောင်ဖို့ စိတ်ပိုင်းဖြတ်ထားပြီးဖြစ်ပါတယ်။ အမှန်တရားကို ဖော်ထုတ်မယ့် ကျွန်တော်တို့ ကြိုးပမ်းချက်အတွက် မြန်မာနိုင်ငံ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဆက်လက်ပြီး ကျွန်တော်တို့ဘက်က တောင်းဆိုလိုက်ပါတယ်” ဟု ပြောကြားခဲ့ပါသည်

ယန္တရားသည် ကျနုပ်တို့ လုပ်ငန်းနှင့်သက်ဆိုင်သည့် သတင်းအကြောင်းအချက်များ ရှိကောင်း ရှိနိုင်သည့် လူပုဂ္ဂိုလ်များထံ ကမ်းလှမ်းဆက်သွယ်ရန် မိမိ၏ အများပြည်သူ ဆက်သွယ်ရေး လမ်းကြောင်းများကိုလည်း အသုံးပြုခဲ့ပါသည်။ ၂၀၂၁ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ယန္တရားသည် ထုတ်ပြန်ချက် တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက်၌ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်ဆန့်ကျင်သည့် အမိန့်များနှင့် မူဝါဒများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ လက်ဝယ်ရရှိထားသူများအား ယင်းအချက်အလက်များကို တင်ပြပေးကြရန် တောင်းဆိုထားသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများကြီးများအတွက် သာမန်အားဖြင့် တာဝန်အရှိဆုံးဖြစ်သည့် ဦးဆောင်သည့်အခန်းကဏ္ဍဖြင့် ရာထူး ကြီးကြီးမားမားရှိသူများ၏ တာဝန်ရှိမှုကို ကျနုပ်တို့ ယန္တရားအနေဖြင့် သက်သေထင်ရှားပြရန် ကြိုးပမ်းသည့်အခါ အဆိုပါ သတင်းအချက်အလက်များက အထောက်အကူပြုပါလိမ့်မည်။ မိမိနှင့် အပြန်အလှန်ဆက်သွယ်သည့်သူများ၏ ဘေးကင်းလုံခြုံရေးကို အဆုံးစွန်ဆုံး အရေးကြီးမှုအဖြစ် ကျနုပ်တို့က သဘောထားကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ထပ်ဆင့်ဖော်ပြခဲ့ပြီး အကယ်၍ ဆက်သွယ်ရန် ဘေးမကင်းကြောင်း ၎င်းတို့အနေဖြင့် ယုံကြည်ပါက ကျနုပ်တို့အား ဆက်သွယ်ခြင်းမှ ရှောင်ကြဉ်ရန် လူပုဂ္ဂိုလ်များအား မေတ္တာရပ်ခံ အသိပေးခဲ့ပြီးဖြစ်ပါသည်။

ယန္တရားသည် မြန်မာနိုင်ငံရှိ လတ်တလော ဖြစ်ရပ်များနှင့် ပတ်သက်၍ ကျနုပ်တို့၏ လှုပ်ရှားဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အခြားကုလသမဂ္ဂ အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် ကျနုပ်တို့၏ ကြိုးပမ်းလုပ်ဆောင်မှုများကြား ဆက်စပ်မှုများနှင့် ဆိုင်သည့် အမေးနှင့်အဖြေများကို မိမိ၏ ဝက်ဘ်ဆိုက် တွင်လည်း တင်ပြထားခဲ့ပါသည်။

### *မီဒီယာနှင့် ဆက်သွယ်ဆောင်ရွက်မှု*

Mr. Koumjian သည် မကြာသေးမီအချိန်က မြန်မာဘာသာဖြင့် ထုတ်လွှင့်သည့် သတင်းမီဒီယာများနှင့် အင်တာဗျူးများ ပြုလုပ်ခဲ့ပါသည်။ အထူးသဖြင့် RFA မြန်မာ၊ ဗွီအိုအေ မြန်မာ နှင့် ဒီမိုကရက်တစ် မြန်မာ့အသံ (ဒီဗွီဘီ) တို့နှင့် ဆက်သွယ်မေးမြန်းမှုများ ဖြစ်သည်။ DVB နှင့်သူ၏ အင်တာဗျူးတွင် Mr. Koumjian က ယန္တရားနှင့် ၎င်း၏ လုပ်ငန်းကို နစ်နာသူများနှင့် အများပြည်သူတို့က မည်သို့ကူညီပေးနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ “ရာဇဝတ်မှုများနှင့် ပတ်သက်ပြီး ကိုယ်တွေ့ သတင်းအချက်အလက်တွေ

ရှိသူတွေကိုယ်တိုင် ကျွန်တော်တို့ကို ဆက်သွယ်တာ ကျွန်တော်တို့အတွက် သိပ်အထောက်အကူ ဖြစ်ပါတယ်။ ဘယ်လို သတင်းအချက်အလက်မျိုးလဲဆိုတော့ ရာဇဝတ်မှုဖြစ်ပွားနေတာကို ကိုယ်တိုင် ကြုံတွေ့ခဲ့ရပြီး သူတို့ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေဟာ ကျွန်တော်တို့ လုပ်ကိုင်နေတဲ့ အလုပ်နဲ့ တိုက်ရိုက် သက်ဆိုင်ပါတယ်" ဟု သူကပြောကြားခဲ့သည်။

**ယန္တရားသည်** ဘီဘီစီ သတင်းထုတ်လွှင့်မှု၏ ဖြစ်ရပ်အကြောင်း အစီအစဉ်**တွင် ဖုန်းဖြင့်သတင်းပေးခြင်းမှာ မြန်မာ ခေါင်းဆောင်များအား ထောင်ချ နိုင်/မနိုင် နှင့်ပတ်သက်၍လည်း တင်ပြခဲ့ပါသည်။** ဤအင်တာဗျူးတွင် Mr. Koumjian သည် လူအများအပြား၏ ၎င်းတို့ဖုန်း၌ သက်သေအထောက်အထားဟု ၎င်းတို့ ယုံကြည်သည့် အရာကို အသံသွင်းထားခြင်းနှင့် ထိန်းသိမ်းထားခြင်း ဖြစ်ရပ်များအကြောင်း ဆွေးနွေးခဲ့ပြီး အဆိုပါ ကြိုးပမ်းမှုများမှာ ယန္တရား၏ လုပ်ပိုင်ခွင့်အာဏာနှင့် မည်သို့ ဆက်နွယ်ကြောင်းကို ရှင်းပြခဲ့ပါသည်။

ယန္တရားသည် မြန်မာနိုင်ငံ၌ စစ်အာဏာသိမ်းပြီးကတည်းကစ၍ ကြောက်ရွံ့နေရသည့် အခြေအနေနှင့်ပတ်သက်၍ အဲလ်ဂျဇီးရာ သတင်းထုတ်လွှင့်မှု၏ ဖြစ်ရပ်အကြောင်းအစီအစဉ် တွင်လည်း တင်ပြခဲ့ပါသည်။ အင်တာဗျူးတွင် Mr. Koumjian က ပြောကြားခဲ့သည်မှာ- "စစ်အာဏာသိမ်းပြီးကတည်းကစပြီး လုံခြုံရေးတပ်ဖွဲ့တွေက လူသားမျိုးနွယ်ပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့တာ ရှိ/မရှိ ဆိုတာတွေနဲ့ပတ်သက်လို့ ဒီစုံစမ်းစစ်ဆေးမှုကိုလုပ်ဖို့ ကျွန်တော်တို့အတွက် လုံလောက်တဲ့ အထောက်အထားရှိပါတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်" ဟုဆိုပါသည်။ "ကျွန်ုပ်တို့အနေနဲ့ ညှဉ်းပန်းနှိပ်စက်မှု သတင်းတွေကြောင့် အလွန် စိုးရိမ်ပါတယ်။ ညှဉ်းပန်းနှိပ်စက်မှုဆိုတာ လူမဆန်တဲ့ ရာဇဝတ်မှုဖြစ်ပြီး လူတွေကို ညဘက်တွေမှာ နောက် မထင်ရင် မထင်သလို ပစ်မှတ်ထားတာမျိုးဟာ အရပ်သားတွေပေါ် အကြောက်တရားထု ဖုံးလွှမ်းဖို့ ရည်ရွယ်လုပ်ဆောင်တာ ဖြစ်နိုင်ပါတယ်။ ဒီလို အကြောက်တရား ဖုံးလွှမ်းအောင် လုပ်တာဟာ လူသားမျိုးနွယ်ပေါ် ကျူးလွန်တဲ့ရာဇဝတ်မှု ဖြစ်နိုင်ပါတယ်။"




*ယန္တရား အကြီးအကဲကို ဘီဘီစီက အွန်လိုင်းမှ ဆက်သွယ်မေးမြန်းနေပုံ*

### *ကျွမ်းကျင်သူများ၏ ရှင်းလင်းတင်ပြချက်များ*

ကျွန်ုပ်တို့ ယန္တရားသည် "ကလေးများအတွက် တရားမျှတမှု ဆောင်ကြဉ်းပေးခြင်း- ပဋိပက္ခဖြစ်ပွားရာ၌ ကလေးသူငယ်များပေါ် ကျူးလွန်သည့် ချိုးဖောက်မှုများနှင့် ရာဇဝတ်မှုများအတွက် တာဝန်ခံမှု ရှိစေမည့် ဆန်းသစ်တီထွင်မှုများ" ဟု ခေါင်းစဉ်တပ်ထားသည့် အစီရင်ခံချက်ကို တင်ပြရန်အတွက် ကျွမ်းကျင်သူ စကားဝိုင်းအဖွဲ့ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သည်။ ၎င်းဆွေးနွေးပွဲကို ကလေးများအား ကယ်တင်ကြအဖွဲ့ ( Save the Children) နှင့် ကျင့်ဝတ်စည်းကမ်း၊ တရားဥပဒေ နှင့် လက်နက်ကိုင် ပဋိပက္ခအတွက် အောက်စ်ဖို့ တက္ကသိုလ် (Oxford Institute for Ethics, Law & Armed Conflict) က စီစဉ်ခဲ့သည်။


လိင်အမျိုးအစားနှင့် ကလေး အခွင့်အရေးများ အကြံပေးအရာရှိဖြစ်သူ Ms. Shyamala Alagendra သည် IIMM ကဲ့သို့ စုံစမ်းစစ်ဆေးရေး ယန္တရားတွင် ကလေးသူငယ် အခွင့်အရေးနှင့် ပတ်သက်ပြီး နားလည်မှု ပိုမို အားကောင်းစေရန် သူမ၏ အကြံဉာဏ်များကို တင်ပြခဲ့သည်။ "ကလေးများအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ၊ ကလေးတွေကို တိုက်ရိုက် ပစ်မှတ်ထားတိုက်ခိုက်မှုတွေ၊ ပဋိပက္ခဖြစ်ရာနေရာမှာ ကလေးတွေဟာ အချိုးအစား မမျှ ခံနေရတာတွေဟာ ဘယ်စံ၊ ဘယ်ပေတံနဲ့တိုင်းတိုင်း ပိုများပြားလာနေတာ ထင်ရှားနေပါတယ်' ဟု သူမက ပြောကြားခဲ့သည်။ "ကလေးများအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို စုံစမ်း စစ်ဆေးမှု တရားစွဲဆိုမှု ပြုလုပ်နိုင်ဖို့ လိုအပ်တဲ့ ကျွမ်းကျင်မှု၊ မူဝါဒတွေနှင့် လုပ်ထုံးလုပ်နည်းတွေကို စုံစမ်းစစ်ဆေးရေး ယန္တရားတိုင်းရဲ့ လုပ်ကိုင်ဆောင်ရွက်မှု ဖြစ်စဉ်မှာ အစမှ အဆုံးအထိ စီမံထားဖို့ အလွန်အရေးကြီးပါတယ်"ဟု သူမက ပြောခဲ့ပါသည်။

ယန္တရားသည် ဒီဂျစ်တဲလ်ခေတ်တွင် လူ့အခွင့်အရေးများနှင့် ပတ်သက်ပြီး နှစ်စဉ်ကျင်းပသည့် ရိုက်ကွန်း (RightsCon) ထိပ်သီးညီလာခံတွင်လည်း တက်ရောက်ဆွေးနွေးခဲ့သည်။ အထူးသဖြင့် "နိုင်ငံသားများဦးဆောင်သည့် စုံစမ်းစစ်ဆေးမှုများ၊ လူမှုအသိုက်အဝန်း အခြေခံ အုပ်ချုပ်မှု၊ နှင့် အပြည်ပြည်ဆိုင်ရာ ယန္တရားများနှင့် ထိရောက်သော အပြန်အလှန် ဆွေးနွေးပွဲ၊ နိုင်ငံအခြေခံ စုံစမ်းစစ်ဆေးမှုများဖြင့် မလုံလောက်သည့်အခါ သက်သေအထောက်အထား ပြုစုစုဆောင်းရေး၏ စိန်ခေါ်မှုများ" ဟု ခေါင်းစဉ်တပ်ထားသည့် အဖွဲ့ဆွေးနွေးပွဲတစ်ခုတွင် တက်ရောက် ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲတွင် အမျိုးမျိုးသော နိုင်ငံသား-ဦးဆောင်သည့် သက်သေအထောက်အထား ပြုစုစုဆောင်းခြင်းဆိုင်ရာ ကြိုးပမ်းမှုများ၊ ဤကဏ္ဍရှိ အမျိုးမျိုးသော အရပ်ဖက်ဆောင်ရွက်ပေးသူများအား အထောက်အကူ ပြုနိုင်ပုံများကို အလေးထား ဆွေးနွေးခဲ့ကြသည်။




*ကလေးများအတွက် တရားမျှတမှုဆိုင်ရာ ပညာရှင်ဆွေးနွေးပွဲမှ ရိုက်ကူးချက်*

## ယန္တရားသို့ သတင်းအချက်အလက်များ ပေးပို့ခြင်း



ယန္တရားကို စိဂနဲလ် အက်ပ် (Signal app) အသုံးပြု၍ +41 76 691 12 08 သို့ ဆက်သွယ်နိုင်သည်။ သို့မဟုတ် ပရိုတွန်မေးလ် (Protonmail) ဟုခေါ်သော အီးမေးလ် contact@myanmar-mechanism.org လိပ်စာကို အသုံးပြု၍ ကျွန်ုပ်တို့ကို **အီးမေးလ်ပို့နိုင်ပါသည်။** အကယ်၍ သင်တို့ အနေဖြင့် ယန္တရားသို့ သတင်းအချက်အလက်များ ပေးပို့ရန် ရည်ရွယ်လျှင်၊ ဘေးကင်းလုံခြုံစွာနှင့် အင်မတန် သတိထားပြီးမှ လုပ်ဆောင်ရန် တိုက်တွန်းလိုပါသည်? သင်၏လုံခြုံရေးမှာ ယန္တရား၏ အဆုံးစွန်ဆုံး အရေးကြီးမှု ဖြစ်သောကြောင့် အကယ်၍ မည်သည့်အချိန်တွင်မဆို လုံခြုံသော ဆက်သွယ်ရေး နည်းလမ်းများမှတစ်ဆင့် သတင်းအချက်အလက် ပေးပို့ရန် မလုံခြုံနိုင်ဟု ယုံကြည်လျှင် ကျေးဇူးပြု၍ လုံခြုံသည့်အချိန် မရောက်မချင်း သတင်းမပို့ပါနှင့်။

အကယ်၍ သင်သည် ယန္တရားသို့ သတင်းအချက်အလက်များ ပေးပို့ရန် စဉ်းစားမည်ဆိုပါက ကျေးဇူးပြု၍ သတိပြုရန်မှာ ကျွန်ုပ်တို့အနေဖြင့် သင့်အမည်နှင့် အခြား အသေးစိတ်အချက်များကို လျှို့ဝှက် ထားရှိမည်ဖြစ်ပြီး၊ သင့်ပေးပို့သည့်အချက်အလက်များကို မည်သည့် တတိယပုဂ္ဂိုလ်ကိုမျှ သင့် ခွင့်ပြုချက်မရှိဘဲ ဝေမျှပေးမည် မဟုတ်ပါ။

# မကြာခဏ မေးလေ့ရှိသော မေးခွန်းများ

**လူသားမျိုးနွယ်ပေါ် ကျူးလွန်သည့် ရာဇဝတ်မှုဆိုသည်မှာ အဘယ်နည်း။**

စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြစ်မှုတို့နှင့်အတူ လူသားမျိုးနွယ်ပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအဖြစ် ယူဆပါသည်။ လူသားမျိုးနွယ်ပေါ် ကျူးလွန်သည့် ရာဇဝတ်မှုဆိုသည်မှာ အရပ်သားများအား နေရာတစ်နေရာတွင် သို့မဟုတ် နယ်မြေတစ်ခုလုံးတွင် နေရာအနှံ့ သို့မဟုတ် စနစ်တကျ အစီအစဉ်ချ တိုက်ခိုက်မှုတွင် အစိတ်အပိုင်းတခုအဖြစ် ကျူးလွန်သည့် လုပ်ရပ်ဆိုပြီး အဓိပ္ပါယ် ဖွင့်ဆိုထားသည်။ အရပ်သားများကို အကြမ်းဖက်သည့် သို့မဟုတ် မတော်မတရားပြုသည့် မည်သည့် ပြုလုပ်မှုကိုမဆို ဤနေရာတွင် တိုက်ခိုက်မှုဟု ယူဆနိုင်သည်။

တိုက်ခိုက်မှုမှာ နေရအနှံ့တွင် လုပ်ဆောင်သော လုပ်ပ် သို့မဟုတ် စနစ်တကျ အစီအစဉ်ချ လုပ်ဆောင်သည့် လုပ်ရပ်မျိုး ဖြစ်ရမည်။ တိုက်ခိုက်မှု၏ အရှိန်အဟုန်နှင့် နစ်နာသူ အရေအတွက်အပြင် ရာဇဝတ်လုပ်ရပ်ကြောင့် စုပေါင်းဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှု သို့မဟုတ် အတိုင်းထက်အလွန် ပြင်းထန်သည့် တစ်ခုတည်းသော ကျူးလွန်မှု၏ အကျိုးသက်ရောက်မှုကိုကြည့်ပြီး တိုက်ခိုက်မှုကို နေရာအနှံ့ဖြစ်သည့် တိုက်ခိုက်မှု ဟုတ်မဟုတ် ဆုံးဖြတ်သည်။ ပထဝီနယ်ပယ်အနေအထား၊ အချိန်အပိုင်းအခြားဆိုင်ရာ အတိုင်းအတာနှင့် ပစ်မှတ်ထားခံရသူ အရေအတွက်တို့သည် တိုက်ခိုက်မှုတစ်ခု နေရာအနှံ့အပြား၌ ဖြစ်ပွားမပွား စဉ်းစား ဆုံးဖြတ်ရာ၌ အကြိုးဝင်သည်။

ရံဖန်ရံခါ ကြုံတွေ့ရသည့် အဖြစ်အပျက်မျိုးမဟုတ်ဘဲ ဥပမာ လုံခြုံရေးတပ်ဖွဲ့များက တစ်နိုင်ငံလုံးတွင် စည်းချက်ချ တိုင်ပင် လုပ်ဆောင်သည့် လုပ်ရပ်မျိုးမဟုတ်ဘဲ အုံနှင့်ကျဉ်းနှင့် အစီအစဉ် အကွက်ချပြီး လုပ်ဆောင်သည့် အကြမ်းဖက်မှု ပါဝင်နေသည့်လုပ်ရပ်သည် စနစ်တကျ အစီအစဉ်ချ တိုက်ခိုက်သည့် တိုက်ခိုက်မှု ဖြစ်သည်။

**အကျဉ်းချခြင်းဖြစ်သော လူသားအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမှာ အဘယ်နည်း။**

အကျဉ်းချခြင်းဖြစ်သော ရာဇဝတ်မှုတွင် လူတစ်ဦး၏ လွတ်လပ်မှုကို ပိတ်ပင်ခြင်း သို့မဟုတ် ဥပဒေနှင့်အညီ မဟုတ်ဘဲ လူတစ်ဦးအား ချုပ်နှောင်ခြင်း ပါဝင်သည်။

လွတ်လပ်မှုကို ပိတ်ပင်ခြင်းသည် တရားလက်လွတ် ပြုမှုဖြစ်သည် ဟုတ်မဟုတ်မှာ အကြောင်းခံများအပေါ် မူတည်ပါမည်၊ အောက်ပါတို့ ဟုတ်မဟုတ် ကဲ့သို့ အကြောင်းခံများအပေါ် မူတည်သည်- ၁) ချုပ်နှောင်ခြင်းမှာ တရားဝင် ချုပ်နှောင်သည့်အမိန့်အပေါ် အခြေခံသည် ဟုတ်မဟုတ် ၂) သူ/သူမအား ဖမ်းဆီးရန်အတွက် အကြောင်းရင်းများကို ချုပ်နှောင်ခံရသူအား အသိပေးခဲ့သည် ဟုတ်မဟုတ် ၃) သူ/သူမအပေါ် စွဲဆိုသည့် စွဲချက်များ တစ်စုံတစ်ရာ နှင့်/သို့မဟုတ် တရားဝင် စွဲချက်တင်ခဲ့ကြောင်းကို ချက်ချင်းနှင့် အထိုက်အလျောက် ချုပ်နှောင်ခံရသူအား အသိပေးခဲ့သည် ဟုတ်မဟုတ် ၄) သူ/သူမအတွက် ရှေ့နေ ရရှိရေး အပါအဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများကို ချုပ်နှောင်ခံရသူအား အသိပေးခဲ့သည် ဟုတ်မဟုတ်၊ နှင့် ၅) ချုပ်နှောင်ခံရသူအား လွတ်လပ်၊ ဘက်မလိုက်သည့်အပြင် တမျှတသော တရားရုံးရှေ့မှောက်သို့ ခေါ်ဆောင်လာခဲ့သည် ဟုတ်မဟုတ် တို့ဖြစ်သည်။

“သံသယ” ရှိရုံမျှလောက်ဖြင့် ဆောင်ရွက်သည့် လွတ်လပ်မှုကို ပိတ်ပင်ခြင်းသည် တရားမျှတသည်ဟုဆိုသည့် ဥပဒေဆိုင်ရာ အခြေခံတစ်ခု မဟုတ်ပါ။ အလားတူပင် လူပုဂ္ဂိုလ်တစ်ဦးကို သူ/သူမသည် နိုင်ငံရေး လှုပ်ရှားသူ တစ်ဦးဖြစ်သောကြောင့်၊ နိုင်ငံရေး လှုပ်ရှားသူ၏ မိသားစုဝင် သို့မဟုတ် ထောက်ခံသူဖြစ်သောကြောင့် သို့မဟုတ် သီးခြား ဘာသာရေး၊ နိုင်ငံသား သို့မဟုတ် တိုင်းရင်းလူမျိုးနှင့် နီးနွယ်ခဲ့သောကြောင့် ဖမ်းဆီးချုပ်နှောင်၍ မရနိုင်ပါ။

**အတင်းအကျပ် အစဖျောက်ခြင်းဖြစ်သော လူသားအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမှာ အဘယ်နည်း။**

အတင်းအကျပ် အစဖျောက်ခြင်းဖြစ်သော ရာဇဝတ်မှုတွင် ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း သို့မဟုတ် အဓမ္မခေါ်ဆောင်ခြင်း လုပ်ပြီးနောက် လူတစ်ဦး၏ တည်ရှိရာနေရာများ သို့မဟုတ် လူတစ်ဦး၏ ကံကြမ္မာနှင့်ပတ်သက်၍ သတင်းပေးရန် ငြင်းဆိုခြင်း သို့မဟုတ် လွတ်လပ်မှု ပိတ်ပင်ခြင်း ဖြစ်ပွားခဲ့သည်ကို အသိအမှတ်ပြုရန် ငြင်းဆိုခြင်းတို့မှ တစ်ဆင့် လူတစ်ဦး၏ လွတ်လပ်မှုကို ပိတ်ပင်ခြင်းပါဝင်သည်။ အတင်းအကျပ် အစဖျောက်ခြင်းများကို နိုင်ငံတစ်ခု သို့မဟုတ် နိုင်ငံ ကဲ့သို့အာဏာရှိသည့် အဖွဲ့အစည်းတစ်ခု၏ လုပ်ဆောင်မှုဖြစ်သည် သို့မဟုတ် အခွင့်အာဏာ၊ ထောက်ခံမှု သို့မဟုတ် လိုက်လျောမှုဖြင့် လုပ်ဆောင်ခဲ့သည်။

ကနဦးအားဖြင့် ဥပဒေနှင့်အညီ ဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ခြင်းသည် ချုပ်နှောင်ခံရသူ၏ တည်ရှိရာနေရာနှင့် ပတ်သက်သည့် သတင်းကို ထိန်ခြန်ထားလျှင် အတင်းအကျပ် အစဖျောက်ခြင်းသို့ ကူးရောက်နိုင်သည်။ လူတစ်ဦး၏ တည်ရှိရာနေရာ သို့မဟုတ် ကံကြမ္မာနှင့်ပတ်သက်၍ မမှန်သတင်းပေးခြင်းသည်လည်း သတင်းပေးရန် ငြင်းဆိုမှု မြောက်ကောင်း မြောက်နိုင်သည်။ အဆိုပါ အခြေအနေများအရ ချုပ်နှောင်ခံရသူတွင် ဥပဒေဆိုင်ရာ သက်သာခွင့်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းဆိုင်ရာ အာမခံချက်များ မရရှိခဲ့သည့်အပြင် သူ/သူမ၏ ချစ်ခင်ရသူများက နစ်နာသူ မည်သည့်နေရာတွင် ရှိနေကြောင်း သို့မဟုတ် သူ/သူမအပေါ် မည်သည့်အရာ ဖြစ်ပျက်နေကြောင်း မသိကြရပါ။

**နှိပ်စက်ညှဉ်းပန်းမှုဖြစ်သော လူသားအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမှာ အဘယ်နည်း။**

ပြုလုပ်မှုကြောင့်ဖြစ်စေ သို့မဟုတ် ပြုလုပ်မှု မလုပ်ဆောင်မှုကြောင့်ဖြစ်စေ လူတစ်ဦးအပေါ် ဆိုးဝါးသည့် နာကျင်မှု သို့မဟုတ် ဒုက္ခကျရောက်စေခြင်းသည် နှိပ်စက်ညှင်းပန်းမှုဖြစ်သော ရာဇဝတ်မှုမြောက်သည်။ ၎င်းမှာ စိတ်ပိုင်းဆိုင်ရာအရ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအရ ဖြစ်နိုင်ပြီး ရာသက်ပန် ထိခိုက်ဒဏ်ရာရမှု မဖြစ်စေသော်လည်း စိတ်မချမ်းမြေ့မှု၊ အရှက်တကွဲဖြစ်ရမှု သို့မဟုတ် စိတ်ကသိကအောက်ဖြစ်ရမှုတို့မှာ ယာယီထက်မက ပိုမို၍ ဖြစ်ပွားစေရမည်။

ပြုလုပ်မှုတစ်ခုမှာ ညှဉ်းပန်းနှိပ်စက်ခြင်း ဟုတ်မဟုတ်သည် အောက်ပါကဲ့သို့ အကြောင်းခံများ အပေါ် မူတည်ပါသည်- ၁) ဒုက္ခခံစားရခြင်း၏ ကာလအတိုင်းအတာ ၂) နစ်နာသူ၏ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အခြေအနေ ၃) နစ်နာသူအပေါ် သက်ရောက်မှုများ ၄) ဖြစ်ပွားစေခဲ့သည့် နာကျင်မှု၏ သဘောသဘာဝနှင့် နာကျင်မှုအခြေအနေ၊ နှင့် ၅) အသုံးပြုသည့် နည်းလမ်း သို့မဟုတ် လုပ်နည်း။ နှိပ်စက်ညှဉ်းပန်းမှုမြောက်ရန် တွေ့ရှိခဲ့သည့် ပြုလုပ်မှုများ၏ နမူနာများမှာ ခန္ဓာကိုယ်ပိုင်း ရိုက်နှက်ခြင်းများ၊ လျှပ်စစ်ဓါတ်လိုက်ပေးခြင်းများ၊ မီးရှို့ခြင်းများ၊ ကာလအတန်ကြာမြင့်အောင် အိပ်စက်၍မရအောင်လုပ်ခြင်း သို့မဟုတ် အစားအစာမကျွေးခြင်း၊ လူတစ်ဦး၏ ဆွေမျိုးများအား သတ်ပစ်ရန် ခြိမ်းခြောက်ခြင်း၊ နှင့် အခြားသူများအား ကျူးလွန်သည့် နှိပ်စက်ရိုက်နှက်မှုကို အဓမ္မ ကြည့်ရှုခိုင်းခြင်း တို့ဖြစ်ကြသည်။ မုဒိန်းကျင့်ခြင်းနှင့် လိင်ပိုင်း အကြမ်းဖက်မှုကို ၎င်းတို့၏ သဘောသဘာဝကြောင့် ဆိုးဝါးသော နာကျင်မှုနှင့် ဒုက္ခခံစားရမှု မြောက်သည်ဟု မှတ်ယူပါသည်။

ညှဉ်းပန်းနှိပ်စက်မှုဖြစ်သော ရာဇဝတ်မှု၏ အဓိပ္ပါယ်မှာ စီရင်ပိုင်ခွင့်အပေါ်မူတည်ပြီး အမျိုးမျိုး ကွဲပြားခြားနားနိုင်ပါသည်။ ဥပမာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး၏ ရောမ ပြဋ္ဌာန်းစာချုပ်အရ အချုပ်အနှောင် ခံနေရသည့် လူတစ်ဦး သို့မဟုတ် ညှင်းပန်းနှိပ်စက်သူ၏ ထိန်းချုပ်မှုအောက်၌ ရှိနေသူတဦး အပေါ် ဆိုးဆိုးဝါးဝါး နာကျင်စေခြင်း သို့မဟုတ် ဒုက္ခခံစားရစေခြင်းကို ညှင်းပန်းနှိပ်စက်မှုဖြစ်သော ရာဇဝတ်မှုအဖြစ် သတ်မှတ်ပါသည်။ တခြားအပြည်ပြည်ဆိုင်ရာ တရားရုံးများတွင်မူ သတင်းအချက်အလက် ရယူခြင်း သို့မဟုတ် အတင်းအကြပ် ဝန်ခံခိုင်းခြင်းကဲ့သို့ သတ်သတ်မှတ်မှတ် ရည်ရွယ်ချက်တခုအတွက် ဆိုးဆိုးဝါးဝါး နာကျင်မှုဖြစ်စေခြင်း သို့မဟုတ် ဒုက္ခခံစားစေခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းကို အခြေခံသည့် အကြောင်းရင်း တစ်ခုခုအတွက် ပြုလုပ်သည့် လုပ်ရပ်ကို ညှင်းပန်းနှိပ်စက်မှုဖြစ်သော ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။ တချို့ ပြည်တွင်းတရားစီရင်ရေးစနစ်အရမူ အစိုးရ အာဏာပိုင်က သို့မဟုတ် အစိုးရအာဏာပိုင် လုပ်ပိုင်ခွင့်ကို ရရှိထားသူက ရည်ရွယ်ချက်ရှိရှိ ဆိုးဆိုးဝါးဝါး နာကျင်စေခြင်း သို့မဟုတ် ဒုက္ခခံစားစေသည့် အခြေအနေများကိုသာ ညှင်းပန်းနှိပ်စက်မှုဖြစ်သော ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။